မြန်မာ သတင်း အချက်အလက် စီမံ ခန့်ခွဲမှုယူနစ်

# တာဝန် နှင့် လုပ်ပိုင်ခွင့်များ

ဇူလိုင် ၂၀၂၁

## ၁။ နောက်ခံအကြောင်းအရာ

မြန်မာ့သတင်းအချက်အလက် စီမံခန့်ခွဲမှုဌာန/MIMU သည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် လုပ်ဆောင်နေသော လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေးကို ဗဟိုပြုသော လုပ်ငန်းစဉ်များကို ခွဲခြမ်းစိပ်ဖြာခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့အတွက် ပံ့ပိုးကူညီပေးသည့် ကုလသမဂ္ဂဌာနေရုံးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးတို့၏ ဝန်ဆောင်မှုဖြစ်ပါသည်။

MIMU ကို မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အဓိကဆောင်ရွက်နေသူများ၏ လိုအပ်ချက်များအား ကွင်းဆင်းလေ့လာမှု လုပ်ငန်းကို တုံ့ပြန်သောအားဖြင့် ၂၀၀၇ ခုနှစ်နှောင်းပိုင်းတွင် တည်ထောင်ခဲ့သည်။ MIMU ၏ လှုပ်ရှားမှုများကို အလှူရှင်များစွာမှ ပံ့ပိုးပေးခဲ့ပြီး အထူးသဖြင့် ဥရောပကော်မရှင် လူသားချင်းစာနာထောင်ထားမှု ရန်ပုံငွေ၊ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကနေဒါ အစိုးရ နှင့် ဆွစ်အေဂျင်စီ တို့မှ ကူညီပံ့ပိုးပေးပါသည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ စောင့်ကြည့်ခြင်းကို United Nations’ Development Programme / UNDP မှ စီမံပေးပါသည်။

ဤမှတ်တမ်းမှာ (နိုဝင်ဘာ ၂၀၁၉) MIMU တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်သည်။

## ၂။ MIMU ၏ အခန်းကဏ္ဍ

သတင်းအချက်အလက် စီမံခန့်ခွဲမှု (IM) သည် ရရှိနိုင်သည့် သက်ဆိုင်ပြီး ဆီလျော်သော သတင်းအချက်များကို အချိန်နှင့်တပြေးညီ ဆုံးဖြတ်ချက်ချရာတွင် ပံ့ပိုးပေးနိုင်ရန်အတွက် သေချာစွာ ကြိုးပမ်းပါသည်။

ယင်းကိုပြီးမြောက်ရန်အတွက် MIMU သည် မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှု၊ လူသားခြင်းစာနာထောက်ထားမှု နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လှုပ်ရှားဆောင်ရွက်သူများအတွက် နိုင်ငံတဝှမ်းနှင့် သက်ဆိုင်ရာကဏ္ဍတို့ရှိ အမျိုးအမျိုးသော အရင်းအမြစ်များမှ အချက်အလက်မျာကို စုစည်းသိမ်းဆည်း၍ အဆိုပါ သတင်းအချက်အလက်များကို ပိုမိုကျယ်ပြန့်သည့် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအား ရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ MIMU သည် IM ကို လုပ်ဆောင်နေသော နေရာဒေသ ကဏ္ဍ အသီးသီးမှ လူပုဂ္ဂိုလ် အဖွဲ့အစည်းများ နှင့် နီကပ်စွာ ပူးပေါင်း လုပ်ဆောင်နေပါသည်။

MIMU သည် ကုလသမဂ္ဂ၊ အစိုးရမဟုတ်သော အေဂျင်စီများ နှင့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများအတွင်း ပွင့်လင်းမြင်သာစွာရရှိနိုင်သော ဒေတာများ နှင့် ထိန်းသိမ်းမှုမရှိသော ဒေတာများကို သတင်းအချက်အလက် စံချိန်စံညွှန်းများ လက်တွေ့အသုံးချမှု၊ အရေးပေါ် ပြင်ဆင်မှုများအတွက် ပံ့ပိုးပေးခြင်း နှင့် တုံ့ပြန်ပေးခြင်း အပြင်

ခွဲခြမ်းစိပ်ဖြာခြင်းနှင့် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးမှု စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များကို ပံ့ပိုးပေးခြင်းတို့ကို လုပ်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပါသည်။

## ၃။ ရည်ရွယ်ချက်နှင့် မူဝါဒများ

### MIMU ၏ ရည်ရွယ်ချက်

MIMU သည် မြန်မာနိုင်ငံတွင် ခွဲခြမ်းစိပ်ဖြာခြင်းနှင့် ဖွံ့ဖြိုးမှု၊ လူသားခြင်းစာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော လုပ်ရှားမှုများအတွက် ချိတ်ဆက်ထားသော သက်ဆိုင်သူများအတွင်း ဆုံးဖြတ်ချက်ချခြင်းတို့ကိုအား တိုးတက်ကောင်းမွန်လာစေရန် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေခြင်း နှင့် သတင်းအချက်များကို သိမ်းယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိပ်ဖြာခြင်း နှင့် ဖြန့်ဖြူးခြင်းတို့မှတဆင့် ကြိုးပမ်းဆောင်ရွက်နေပါသည်။

ထို့ကြောင့် MIMU သည် အရေးပေါ် ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းတို့အတွက် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များ၊ ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံအသင်းများ၊ ငြိမ်းချမ်းရေး ပံ့ပိုးမှု အဖွဲ့၊ ပူးပေါင်းလုပ်ဆာင်မှု မိတ်ဖက်အဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း နှင့် အခြား တသီးပုဂ္ဂလ အဖွဲ့အစည်းများ အေဂျင်စီများကို ပံ့ပိုးပေးပါသည်။

### MIMU ၏ အဓိကကျသော မူဝါဒများ

က။ MIMU သည် သတင်းအချက်အလက် စီမံခန့်ခွဲမှုအား ဖန်တီးတီထွင်မှုရှိပြီး ဆန်းသစ်သော နည်းလမ်းများ ဖြစ်စေရေးအတွက် **ခိုင်မာအားကောင်းပြီး သမာသမတ်ရှိ၍ လွပ်လပ်သော** ယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရေး အာမခံချက်ပေးရန်နှင့် မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်နေသူများကြား ရေရှည်တည်တံ့သော သတင်းအချက်အလက် စီမံခန့်ခွဲမှုစွမ်းရည် ရရှိစေရေးအတွက် အခြေခံများ ချမှတ်ပေးရန်တို့ကို ကြိုးပမ်းဆောင်ရွက်နေပါသည်။

ခ။ MIMU သည် **မြန်မာနိုင်ငံ နိုင်ငံတစ်ဝှမ်းလုံးရှိ လူသားချင်စာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ** အသိုက်အဝန်းတစ်ခုလုံးအတွက် အရင်းအမြစ်တစ်ခုဖြစ်သည်။ ထို့ကြောင့် အခြေခံအားဖြင့် မည်သည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း တစ်ခုတည်း၏ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးလိမ့်မည် မဟုတ်ပါ။

ဂ။ MIMU လှုပ်ရှားမှုများမှာ **ကိုးကားမှုကို အခြေခံပြီး လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးကို ဗဟိုပြုသော ကဏ္ဍများ** စသည့် ကဏ္ဍအားလုံးအတွက် အကျိုးဝင်ကာ UNCT/HCT မှ ဦးစားပေး နယ်ပယ်များကို အဓိကထား၍ တိုင်းပြည်တစ်ခုလုံးနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကို ဖြည့်ဆည်းပေးပါသည်။

ဃ။ MIMU ဝန်ဆောင်မှုများနှင့် ပဏာမခြေလှမ်းမှာ နိုင်ငံတွင်း၊ ပြည်နယ်နှင့် အမျိုးသား အဆင့်တို့တွင် **ပြည်သူဗဟိုပြု နှင့် ထိခိုက်လွယ်သော ပဋိပက္ခ ချည်းကပ်မှုတို့ကို** ပြုပြင်ထိန်းသိမ်းနေစဉ်အတွင်း ကောင်းသော **အလေ့အကျင့်ကို** မြှင့်တင်ရန်ဖြစ်သည်။

င။ MIMU မှ ပြုလုပ်ပေးအပ်သော အချက်အလက်များနှင့် သတင်းအချက်အလက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်း အားလုံးသည် UNCT/HCT/PSG-led လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ၊ ဖွံ့ဖြိုးမှုဆိုင်ရာနှင့် ငြိမ်းချမ်းရေးကို ဗဟိုပြုသော လူမှုအဖွဲ့အစည်းအားလုံး၏ စုပေါင်းပိုင်ဆိုင်သော ပစ္စည်းများဖြစ်သည်။ တိကျသေချာသော အချက်အလက်များနှင့် သတင်းအချက်လက် ထုတ်ကုန်များ ပွင့်လင်းစွာ သုံးစွဲနိုင်ရန် MIMU မှ ကြိုးပမ်းပါသည်။ သို့သော် သုံးစွဲမှုကို ကန့်သတ်ခြင်း (သို့မဟုတ်) ထိခိုက်နိုင်သော သတင်းအချက်အလက်နှင့် ထုတ်ကုန်များ ဖြန့်ဖြူးခြင်းကို ကန့်သတ်ခြင်းများ ရှိသည်။

## ၄။ MIMU ၏ အဓိက မဟာဗျူဟာများနှင့် ဖြန့်ဝေပေးမှုများ

### ၄.၁။ အချက်အလက် သိုလှောင်ရာဌာနနှင့် သတင်းအချက်အလက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ

အခြေအနေသုံးသပ်ချက်များ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အစီအစဉ်ရေးဆွဲမှုနှင့် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှု နှင့် ငြိမ်းချမ်းရေး ဆောင်ရွက်မှုများ လုပ်ဆောင်နေသော အေဂျင်စီအချင်းချင်း ပူးပေါင်းလုပ်ဆောင်နိုင်ရန် MIMU မှ နားလည်ရလွယ်သော၊ ယုံကြည်စိတ်ချရသော၊ အလွယ်တကူ ရရှိနိုင်သော အသိပညာ ဗဟုသုတဘဏ်တိုက်ကြီး တစ်ခု ဖြည့်ဆည်းပေးရေးကို MIMU မှ ကြိုးပမ်းဆောင်ရွက်နေပါသည်။

### အဓိက ဖြန့်ဝေပေးမှုများ-

- **လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ၊ ဖွံ့ဖြိုးမှုဆိုင်ရာနှင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော လှုပ်ရှားမှုများကို အထောက်အကူ ပြုပေးရန်အတွက် သက်ဆိုင်ရာ အချက်အလက်များနှင့် စာရွက်စာတမ်းများ၏ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သိုလှောင်သိမ်းဆည်းရာနေရာ။** ၎င်းတွင် base datasets များ စုစည်းခြင်း၊ အချက်အလက်များ မျှဝေရာတွင် ပံ့ပိုးပေးခြင်း (Place codes သို့မဟုတ် အမျိုးသားအဆင့်နှင့်ညီသော)၊ အချက်အလက် ဗဟိုဘဏ်ကို ထိန်းသိမ်းခြင်း၊ သတင်းအချက်အလက် အရင်းအမြစ်များအပြင် ဖွံ့ဖြိုးမှု၊ လူသားချင်းစာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေး ဗဟိုပြု စီစဉ်မှု နှင့် ပတ်ဝန်းကျင် လုပ်ငန်းလည်ပတ်မှု တို့ပါဝင်ပါသည်။

- **ခြုံငုံသုံးသပ်ခြင်းနှင့် ရှိနေသော သက်ဆိုင်ရာ datasets စစ်တမ်းများကို** အေဂျင်စီများ၊ အလှူရှင်များ နှင့် သုသေသနပညာရှင်များ အတွက် သုံးသပ်မှုအားကောင်းစေရန်၊ ရည်ရွယ်ချက်ပြီးမြောက်စေရန်နှင့် အစီအစဉ်များပြုလုပ်နိုင်ရန် အရင်းအမြစ်များအဖြစ် ထိန်းသိမ်းထားပါသည်။

- **စီမံကိန်းရေးဆွဲခြင်း၊ ရန်ပုံငွေနှင့် အရင်းအမြစ်များ ခွဲဝေခြင်းတို့နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အထောက်အကူ ဖြစ်စေရန် အရည်အသွေးရှိသော စံနှုန်းကိုက် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများ။** ၎င်းတွင် အစီစဉ်ရေးဆွဲခြင်း၊ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ခြင်းတို့ကို ပံ့ပိုးမှုပေးရန် အခြေခံ မြေပုံများ၊ Who/What/Where အချက်အလက်စနစ်၊ ဆက်သွယ်ရန်စာရင်းများ၊ အစည်းဝေး အချိန်ဇယားများ၊ သရုပ်ဖော်ပုံများ(infographics) နှင့် အခြားထုတ်ကုန်များ ပါဝင်ပါသည်။

- ကျယ်ပြန့်ပြီး၊ အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို လေ့လာဆန်းစစ်ခြင်းနှင့် ဆုံးဖြတ်ချက် ချမှတ် ခြင်း လုပ်ငန်းများအတွက် အသုံးပြုနိုင်စေရန် အထောက်အကူပြုဆောင်ရွက်ပေးသော **ဖြန့်ဖြူးရေး ယန္တရား** ဖြစ်သည်။

- **အဖွဲ့အစည်းအချင်းချင်းကြား ညှိနှိုင်းဆောင်ရွက်မှုများကို တုံ့ပြန်ဖြေရှင်းပေးသော အသေးစိတ် သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း၊** ၎င်းတွင် ဆုံးဖြတ်ချက်ချမှတ်သူများ အသုံးပြုနိုင်ရေးအတွက် အကြောင်းအချင်းအရာ အခြေအနေပေါ် အခြေပြုသော အချက်အလက်များ၊ အရေးပေါ် တုံ့ပြန်ခြင်း ( အထူးသဖြင့် ဝေးလံသောနေရာမှ ခြေရာခံ သတင်းအချက်အလက် လုပ်ဆောင်ခြင်း) အဖြစ်အပျက် အကြောင်းအရာတို့ကို ပံ့ပိုးပေးသည့် သတင်းအချက်အလက်ထုတ်ပြန်မှုများ ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာနိုင်သည့် စီမံကိန်းရေးဆွဲခြင်း၊ နှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အန္တရာယ်များနှင့် လမ်းကြောင်းများ ဖော်ပြခြင်း၊ အေဂျင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်း အဖွဲ့များ နှင့် လူပုဂ္ဂိုလ် အဖွဲ့အစည်းများ၏ အရေးပေါ် ပန်ကြားချက်များကို တုံ့ပြန်သောအားဖြင့် လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသော သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း စသည်တို့ ပါဝင်ပါသည်။

- **အတည်ပြုခြင်း၊ ဒီဂျစ်တယ်အသွင် ကူးပြောင်းခြင်းနှင့် ပြည့်စုံသော ဗဟိုချက် datasets များ၊** (ကျေးရွာမြေပုံ နှင့် အခြား geo-spatial datasets များပါဝင်သည်) တို့ကိုပံ့ပိုးပေးသည်။

## ၄.၂။ နည်းပညာဆိုင်ရာ အကူအညီနှင့် ညှိနှိုင်းဆောင်ရွက်မှု

MIMU သည် IM ချည်းကပ်မှုများ၏ ကြံ့ခိုင်မှုကို သရုပ်ပြခြင်း၊ ဖန်တီးမှုကို မြင့်တင်ခြင်း၊ နိုင်ငံတကာ အကောင်းဆုံး လေ့ကျင့်မှုကို အခြေခံထားသော ဘုံ စံအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကူညီခြင်း၊ သင်တန်းပို့ချခြင်း တို့မှတဆင့် လူသားချင်စာနာထောက်မှုဆိုင်ရာ၊ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ငြိမ်းချမ်းရေးကို ဦးတည်သော ကိစ္စရပ်များအတွင်း IM စွမ်းဆောင်ရည်ကို ချဲ့ထွင်မည်ဖြစ်ပါသည်။

### အဓိက ဖြန့်ဝေပေးမှုများ -

- လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေး ဗဟိုပြု အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုကို ပံ့ပိုးပေးရန် **အချိန်နှင့်တပြေးညီဖြစ်သော ဆီလျော်မှုရှိသော** သတင်းအချက်များကို ထုတ်ပြန်ပေးခြင်း။

- **သတင်းအချက်အလက် စီမံခန့်ခွဲမှု နည်းပညာ အလုပ်အဖွဲ့များနှင့် ကနဦး အစပျိုးသူများအား ဦးဆောင်ခြင်း (သို့မဟုတ်) ပံ့ပိုးခြင်း**တို့ကို အမျိုးသားအဆင့်နှင့် ပြည်နယ်နှင့်တိုင်း အဆင့်တို့တွင် သတင်းအချက်အလက် အရည်အသွေး အားကောင်းစေရန်၊ သတင်းအချက်အလက် မျှဝေခြင်း အားကောင်းစေရန် နှင့် IM စွမ်းဆောင်ရည်ကို တိုးတက်စေရန် ညှိနှိုင်းချဉ်းကပ်ခြင်း။

- **ကဏ္ဍ (သို့မဟုတ်) အကြောင်းအရာ အလုပ်အဖွဲ့များ၊ အခြားအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ်များချိတ်ဆက်ကာ** အကြောင်းအရာအလိုက် ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် ကြပ်မတ်စစ်ဆေးမှုတို့ကို ပံ့ပိုးပေးရန်၊ ဘုံဒေတာစံချိန်စံညွှန်းကို အားကောင်းစေခြင်းဖြင့် ဒေတာ အရည်အသွေးနှင့် ထိခိုက်လွယ်သော ပြည်သူများအား ပံ့ပိုးခြင်းကို ပိုမိုဦးတည်သော အပြန်အလှန် လည်ပတ်ဆောင်ရွက်ခြင်းတို့ကို တိုးတက်စေခြင်း။

• IM ကို ကြံခိုင်စေရန် သက်ဆိုင်သော **အမျိုးသား စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးပေးရန်**နှင့် ယင်းတို့အသုံးပြုနေသော အဆင့်အားလုံးတွင် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

• **လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများ၏ သတင်းအချက်အလက် စီမံခန့်ခွဲမှု စွမ်းဆောင်ရည် အားကောင်းစေရန်** မြန်မာနိုင်ငံတွင်လုပ်ဆောင်နေသော အခြေအနေနှင့် ကျယ်ပြန့်သော ပါဝင်ပတ်သက်သူများ အသုံးပြုရန်အတွက် နိုင်ငံတဝှမ်း သတင်းအချက်အလက် အခြေခံအား တိုးတက်စေခြင်း။

• **ဆန်းစစ်ခြင်းများ၊ ကွင်းဆင်းလေ့လာခြင်းများနှင့် အချက်အလက်စနစ်များကို ဒီဇိုင်းဆွဲခြင်း**နှင့် ယင်းတို့၏ အခြေခံ ဒေတာ စံချိန်စံညွှန်းနှင့် အညွှန်းကိန်းများ (geo-spatial စံချိန်စံညွှန်းများ၊ သင့်လျော်သော ဒေတာခွဲခြားမှု) ပေါင်းစပ်ခြင်းတို့ကို ပံ့ပိုးပေးခြင်း။

## ၄.၃။ ကြုပ်မတ်စစ်ဆေးခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း

MIMU သည် နိုင်ငံအနှံ့အပြား အခြေအနေများနှင့် အုပ်ချုပ်ရေးနယ်မြေများ၏ ကွဲပြားခြားနားမှုများနှင့် ကွဲပြားခြားနားသော လူဦးရေကို ထင်ဟပ်ပေါ်လွင်စေသည့် အားလုံးနှင့်ဆိုင်သော အခြေအနေကြုပ်မတ် စစ်ဆေးခြင်းနှင့် ခွဲခြမ်းစိတ် ဖြာလေ့လာခြင်းကို ပံ့ပိုးကူညီမှုပေးရန် ကျယ်ပြန့်သော နည်းလမ်းများ ဖြည့်ဆည်းပေးမည်ဖြစ်သည်။

### အဓိကဖြန့်ဝေပေးမှုများ -

- ကြုပ်မတ်စစ်ဆေးခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းတို့ကို ပံ့ပိုးပေးရန် သတင်းအချက်အလက်ထုတ်ပြန်မှုများနှင့် ဝန်ဆောင်မှုများအတွက် လိုအပ်သည့် **အချက်အလက်များနှင့် သတင်းအချက်အလက် အခြေခံအကြောင်းအရာများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း**နှင့် ဤသတင်းအချက်အလက်များကို အမျိုးမျိုးသော သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သည့် အဖွဲ့အစည်းများက ရရှိနိုင်မှုမြှင့်တင်ပေးရန်
- တစ်ကမ္ဘာလုံးဆိုင်ရာ၊ တိုင်းပြည်အလိုက်နှင့် ကဏ္ဍအလိုက် အများသုံး အချက်အလက် စံနှုန်းများ ချမှတ်ခြင်းအပါအဝင် တိုးတက်ကောင်းမွန်သော **အချက်အလက်နှင့် သတင်းအချက်အလက်မျှဝေခြင်း။**
- အမျိုးမျိုးသော အရင်းအမြစ်များမှ ဒေတာများကို ရေးဆွဲပြီး ဖော်ထုတ်ထားသော အကြောင်းအရာအလိုက်နှင့် နိုင်ငံအလိုက် **တူညီသော အခြေအနေ ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် ကြုပ်မတ်စစ်ဆေးမှုကို** ပံ့ပိုးမှုပေးရန် ထုတ်ပြန်ချက်များ
- ခွဲခြမ်းစိပ်ဖြာမှု၊ စီမံကိန်းရေးဆွဲမှု နှင့် ကြီးကြပ်ကွပ်ကဲမှု၊ နှင့် နိုင်ငံရှိ သတ်မှတ်ထားသော အဖွဲ့များ/ဧရိယာများ အား ထိခိုက်လွယ်ခြင်းကို တိုးမြှင့် အသိအမြင်မြှင့်တင်ပေးမှု စသည် တို့ကို လုပ်ဆောင်နေသော ကုလသမဂ္ဂဌာနေအဖွဲ့ (UN Country Team)၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေအဖွဲ့ (Humanitarian Country Team)၊ ငြိမ်းချမ်းရေးကို ထောက်ပံ့ပေးသော အဖွဲ့၊ ညှိနှိုင်းဆောင်ရွက်မှု မိတ်ဖက် အဖွဲ့ နှင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့များ စသည် တို့ကို ပံ့ပိုးမှုပေးရန် ရရှိထားသော အချက်အလက်များနှင့် သတင်းအချက်အလက်များ၏ **အရေးပေါ်နှင့် ပုံမှန် ခွဲခြမ်းစိတ်ဖြာလေ့လာမှု။**

## ၄.၄။ ချိတ်ဆက်မှု နှင့် ဆက်သွယ်မှု

MIMU သည် ကုလသမဂ္ဂဌာနေအဖွဲ့ (UN Country Team)၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဌာနေအဖွဲ့ (Humanitarian Country Team)၊ ငြိမ်းချမ်းရေးကို ထောက်ပံ့ပေးသော အဖွဲ့၊ ညှိနှိုင်းဆောင်ရွက်မှု မိတ်ဖက် အဖွဲ့ နှင့် အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှု အဖွဲ့များ စသည့် ကျယ်ပြန့်သော မိတ်ဖက်များ နှင့် ခိုင်မာသော ဆက်ဆံရေး တည်ဆောက်၍ အချက်အလက်များ မျှဝေမှု တိုးတက်ရန်၊ IM tools များ ပိုမို သုံးနိုင်စေရန်၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေးကို ဗဟိုပြုသော လုပ်ငန်းစဉ်များ တွင် IM ဖြင့် ပိုမို ထောက်ပံ့နိုင်စေရန် ကြိုးပမ်းပါမည်။

### အဓိကဖြန့်ဝေပေးမှုများ -

• **ပိုမိုကျယ်ပြန့်သော ပါဝင်ပတ်သက်သူများနှင့် မိတ်ဖက်ဖွဲ့ကာ** IMနှင့်သက်ဆိုင်သော အလေ့အကျင့်များ၊ စံချိန်စံညွှန်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် ကွင်းဆင်းလေ့လာခြင်း၊ ဆန်းစစ်ခြင်းတို့၏ သတင်းအချက်အလက်များကို စုပေါင်းခြင်းနှင့် သတင်းအချက်အလက် စုပေါင်း အားထုတ်မှုများ၊

• **အဓိက အုပ်စုများ/အဖွဲ့အစည်းများနှင့် နည်းပညာ မိတ်ဖက်ဖွဲ့ကာ** ဒေတာ အရည်အသွေး၊ ရရှိနိုင်မှုနှင့် အမျိုးသားနှင့် ဒေသဆိုင်ရာ အဆင့်များတွင် အားကောင်းစွာ အသုံးပြုနိုင်ခြင်း။

• **အမျိုးသား စနစ်များတွင် သတင်းအချက်အလက် စီမံခန့်ခွဲမှုကို အားကောင်းစေရန် ဦးတည်သော စည်းရုံးလှုံ့ဆော်မှု၊** သေချာသော ဒေတာ စံချိန်စံညွှန်းများ၊ ဒေတာ အရည်အသွေးနှင့် လွတ်လပ်စွာ အသုံးပြုနိုင်စွမ်း တို့ကို ဗဟိုပြုခြင်း။

## ၅။ MIMU ၏ ဖွဲ့စည်းပုံ

ဌာန၏ ဝန်ထမ်းခန့်ထားမှုကို ဌာနေနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၏ စီမံခန့်ခွဲမှု လက်အောက်တွင် MIMU မန်နေဂျာမှ ဆုံးဖြတ်ဆောင်ရွက်ပါသည်။ အရည်အသွေးရှိသော သတင်းအချက်အလက် စီမံခန့်ခွဲမှု ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အာမခံချက်ပေးနိုင်စေရန် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြင့်မားသော နိုင်ငံသားအများစု ပါဝင်သောဝန်ထမ်းအဖွဲ့တစ်ရပ် တည်ထောင်ထိန်းသိမ်းဆောင်ရွက်ရန် MIMU မှ ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဌာနတွင်းရှိ အဓိက လုပ်ငန်းများနှင့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

• **MIMU မန်နေဂျာ** - မဟာဗျူဟာ မျှော်မှန်းချက်နှင့်အညီ MIMU၏ ဝန်ထမ်းများ၊ လုပ်ငန်းများနှင့် အရင်းအမြစ်များအား လွှမ်းခြုံကြီးကြပ်မှုနှင့် စီမံခန့်ခွဲမှု ပြုလုပ်ပါသည်။ ယင်းတွင် အစီအစဉ်ရေးဆွဲခြင်း၊ စောင့်ကြပ်စစ်ဆေးခြင်း၊ ချင့်ချိန် အကဲဖြတ်ခြင်း၊ ရန်ပုံငွေရှာခြင်းနှင့် ဘဏ္ဍာရေး ကြီးကြပ်မှု၊ ဝန်ထမ်း စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ သင့်လျော်ပြီး မဟာဗျူဟာ ဆန်းသစ် တီထွင်မှုကို စတင်ဆောင်ရွက်ခြင်း၊ အခွင့်အလမ်းသစ်များနှင့် မိတ်ဖက်များ ဖော်ထုတ်ခြင်း၊ MIMU ဆောင်ရွက်ချက်များနှင့် ကိုက်ညီသော မိတ်ဖက်များ နှင့် ဆက်ဆံမှု၊ သတင်းအချက်အလက် စီမံခန့်ခွဲမှုနှင့် ပတ်သတ်သော ပါဝင်ပတ်သက်သူများကို ပံ့ပိုးပေးသည့် အကြံပေးအဖွဲ့၏ ပြဌာန်းချက် (UNRC/HC, UN နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံအသင်းများ၊ ပူးပေါင်းဆောင်ရွက်သော

မိတ်ဖက် အဖွဲ့အစည်း)၊ သက်ဆိုင်ရာ ညှိနှိုင်းရေး ကွန်ယက်တွင် တက်ကြွစွာ ပါဝင် ပတ်သက်မှုနှင့် ပံ့ပိုးခြင်း၊ UNDP စီမံကိန်းဘုတ်အဖွဲ့ MIMU အကြံပေးဘုတ်အဖွဲ့တို့နှင့် ဆက်ဆံမှုတို့ပါဝင်သည်။

• **ပထဝီဆိုင်ရာ သတင်းအချက်အလက် စနစ်များအဖွဲ့** - သက်ဆိုင်ရာ အရေးပေါ် ပြင်ဆင်ခြင်း၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှု လုပ်ဆောင်ချက်များအတွက် ပထဝီနှင့်ဆိုင်သော အချက်အလက်များကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်း၊ national datasets နှင့် စနစ်များ အားကောင်းစေရန်၊ စွမ်းဆောင်ရည် မြှင့်တင်ရန်၊ ပထဝီ ကိုးကားမှု နှင့် ကမ္ဘာမြေပြင်ပေါ်ရှိ တည်နေရာများနှင့်သက်ဆိုင်သော အချက်အလက်များကို စီမံခန့်ခွဲခြင်း တို့ကို ကမ္ဘာ့စံချိန်စံညွှန်းနှင့် အညီ ကနဦး ပံ့ပိုးပေးခြင်းနှင့် ဖော်ထုတ်ခြင်းတို့ဖြစ်သည်။

• **အချက်အလက်အဖွဲ့** - သက်ဆိုင်ရာ အရေးပေါ် ပြင်ဆင်ခြင်း၊ လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော လုပ်ဆောင် ချက်များအတွက် စာရင်းအင်း အချက်အလက်များကို စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်း၊ တစ်နိုင်ငံလုံးတွင် မည်သူများ မည်သည့်နေရာများတွင် မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို အဇော်ဂျင်စီ အမြောက်အမြားဆီမှ ပုံမှန် ဖြည့်သွင်းသော အချက်အလက်များ၊ ဒေတာ ခွဲခြမ်းစိပ်ဖြာခြင်းနှင့် သရုပ်ဖော်ပြပုံများ (infographics) ပြုလုပ်ခြင်းတို့ကို ကနဦး ပံ့ပိုးခြင်းနှင့် ဖော်ထုတ်ခြင်းတွင် စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း တို့ဖြစ်သည်။

• **ဝက်ဘ်/ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အဖွဲ့** - ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန် MIMU ထုတ်ကုန်ပစ္စည်းများ၏ ဝက်ဘ်ဆိုက်အခြေခံ ဖြန့်ဖြူးရေးယန္တရားများ ထိန်းသိမ်းရေးနှင့် အချက်အလက် ကောက်ယူမှုနှင့် စီမံခန့်ခွဲမှုကို ပံ့ပိုးပေးရန် ဆန်းသစ်သော tools များပြုလုပ်ခြင်း၊ MIMU ၏ နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများနှင့် အရင်းအမြစ်များကို ထိန်းသိမ်းခြင်း တို့ဖြစ်သည်။

• **ဆက်သွယ်ရေးနှင့် အရင်းအမြစ် စင်တာ အဖွဲ့** - ပြင်ပနှင့် ဝေးလံသော နေရာသို့ ဆက်သွယ်ခြင်း၊ အရင်းအမြစ်များ ဖြန့်ဖြူးခြင်း၊ အသုံးပြုသူနှင့် သက်ဆိုင်သော databases များကို စုဆောင်ခြင်းနှင့် ထိန်းသိမ်းခြင်း (အဆက်အသွယ် စာရင်း၊ ညှိနှိုင်းအစည်းအဝေးများ)၊ သရုပ်ဖော်ပြပုံများ (infographics) ပြုလုပ်ခြင်းနှင့် အသုံးပြုသူကို ဗဟိုပြုသော အခြား ပစ္စည်းများ ပြုလုပ်ခြင်းတို့ဖြစ်သည်။

• **ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေး အဖွဲ့** - ဘဏ္ဍာရေးဆောင်ရွက်ချက်၊ လူ့စွမ်းအားအရင်းအမြစ်၊ အုပ်ချုပ်ရေး၊ ဝယ်ယူရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြား အထောက်အကူပြုလုပ်ငန်းများကို လုပ်ဆောင်သည်။

• **နည်းပညာပံ့ပိုးခြင်း**သည် တိကျသော လုပ်ရှားမှုများအတွက် အကြံဉာဏ်ရှာဖွေခြင်း ဖြစ်နိုင်သည်။

## ၆။ အုပ်ချုပ်ရေးနှင့် အစီရင်ခံခြင်း

### ၆.၁။ တိုက်ရိုက်စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုဆိုင်ရာ ပံ့ပိုးမှု

MIMU နှင့် MIMU မန်နေဂျာသည် ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် တည်ရှိသည်။

အုပ်ချုပ်ရေးနှင့် လုပ်ငန်းလည်ပတ်မှု ကြီးကြပ်ရေးကို UNDP မှပေးအပ်ထားပြီး MIMU ၏ အသုံးပြုမှုသည် UNDP ၏ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ လူစွမ်းအားအရင်းအမြစ်၊ ဝယ်ယူရေးနှင့် အခြားလုပ်ငန်းလည်ပတ်မှုများမှ တဆင့်ရရှိသည်။ UNDP ၏ လုပ်ထုံးလုပ်နည်းများအား MIMU လိုက်နာမှုကို MIMU စီမံကိန်းဘုတ်အဖွဲ့ ကြီးကြပ်သည်။

## ၆.၂။ အကြံပေးဘုတ်အဖွဲ့

MIMU အကြံပေးဘုတ်အဖွဲ့သည် MIMU ၏ ဝန်ဆောင်မှုများကို အဓိက သုံးစွဲနေသူများအား အရေးပါသော ချိတ်ဆက်မှုကို ပြုလုပ်ခြင်းနှင့် MIMU အကြံပေးဘုတ်အဖွဲ့၏ တာဝန်နှင့် ဝတ္တရား (ဒီဇင်ဘာ ၂၀၁၈) နှင့်အညီ MIMU ကို မဟာဗျူဟာမြောက် လမ်းညွှန်မှုများပေးပါသည်။ MIMU အကြံပေးဘုတ်အဖွဲ့သည် MIMU သို့မဟုတ် ယင်း၏ လုပ်ငန်းများအတွက် ဥပဒေအရ တာဝန် သို့မဟုတ် အခွင့်အာဏာ ဆုပ်ကိုင်ထားခြင်း မရှိပါ။

MIMU အကြံပေးဘုတ်အဖွဲ့ကို ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးမှ သဘာပတိအဖြစ် ဆောင်ရွက်နေပြီး MIMU ၏ ဝန်ဆောင်မှုများကို အဓိကအသုံးပြုသည့် သက်ဆိုင်ရာအုပ်စုများ၏ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ အမည်အားဖြင့် ကုလသမဂ္ဂ အေဂျင်စီများ၊ INGOs နှင့် မြန်မာ NGOs စသည့်အဖွဲ့အစည်း တစ်ခုစီမှ ကိုယ်စားလှယ် ၃ဦးစီ ပါဝင်ပြီး၊ အလှူရှင်ဘက်မှ ကိုယ်စားလှယ်တစ်ဦး ပါဝင်သည်။ UNDP စီမံကိန်းဘုတ်အဖွဲ့ ကိုယ်စားပြုအဖြစ် UNDP မှ ရာထူးအရ လေ့လာသူအဖြစ် ပါဝင်သည်။

MIMU အကြံပေးဘုတ်အဖွဲ့၏ အသေးစိတ် တာဝန်ဝတ္တရားများ -

- MIMU ၏ မဟာဗျူဟာ ဦးတည်ချက်နှင့် ဦးစားပေးလုပ်ငန်းများနှင့် ပတ်သက်သည့် လမ်းညွှန်ချက်ပေးခြင်း၊
- MIMU ကို မြှင့်တင်ပေးရန်နှင့် အရင်းအမြစ်များ ပေးအပ်ရန် သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများ၊ တက်ကြွစွာ ဆက်သွယ်ဆောင်ရွက်ခြင်း၊
- အချက်အလက် ပြည့်စုံမှုကို အာမခံချက်ပေးခြင်း၊
- အဖွဲ့ဝင်များအား ၄င်းတို့၏ သက်ဆိုင်ရာနယ်မြေကို MIMU ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် လုပ်ငန်းများအကြောင်း သတင်းအချက်အလက်များ ပေးအပ်စေခြင်း၊
- သက်ဆိုင်ရာ လှုပ်ရှားမှုများကို ပြုလုပ်နေသော ပါဝင်ပတ်သက်သူ အဖွဲ့နှင့် အနီးကပ် ဆက်သွယ်နိုင်စေရန် MIMU အား ကူညီပေးခြင်း၊
- MIMU ကို ဆက်လက်ပံ့ပိုးပေး နိုင် သည့် အရည်အချင်းပြည့်ဝသော ဘုတ်အဖွဲ့တစ်ခုကို တည်ထောင် ထိန်းသိမ်း ဆောင်ရွက်ခြင်း။

အကြံပေးဘုတ်အဖွဲ့သည် တစ်နှစ် နှစ်ကြိမ် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး၊ လိုအပ်ပါက အရေးပေါ် အစည်းအဝေးများကိုလည်း ထပ်မံကျင်းပနိုင်ချေ ရှိပါသည်။

### ၆.၃။ ကြပ်မတ်စစ်ဆေးခြင်းနှင့် တာဝန်ခံခြင်း

MIMU သည် အကြံပေးဘုတ်အဖွဲ့မှ တစ်ဆင့် ၎င်း၏ သက်ဆိုင်သူများကို **တာဝန်ခံဆောင်ရွက်ခြင်း**နှင့် UNDP ၏ **လုပ်ထုံးလုပ်နည်းများ** နှင့်အညီ ဘဏ္ဍာရေး၊ အုပ်ချုပ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဝယ်ယူရေးအတွက် လိုက်နာပြီး MIMU ဘုတ်အဖွဲ့အစည်းမှ ကြီးကြပ်ကွပ်ကဲမှုမှ တဆင့် တာဝန်ယူသည်။

**ပုံမှန်ကြပ်မတ် စစ်ဆေးခြင်းကို** MIMU မန်နေဂျာမှ ဆောင်ရွက်ပြီး တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုများကို MIMU အကြံပေးဘုတ်အဖွဲ့သို့ တင်ပြခြင်းနှင့် လုပ်ထုံးလုပ်နည်းအပေါ် လိုက်နာခြင်း၊ အန္တရာယ်နှင့် ရန်ပုံငွေသုံးစွဲခြင်းတို့ကိုလည်း MIMU စီမံကိန်းဘုတ်အဖွဲ့သို့ တင်ပြသည်။

**အချိန်မှန် အချင်းချင်း အပြန်အလှန် သုံးသပ်အကဲဖြတ်ခြင်းနှင့် ပြင်ပ အကဲဖြတ်ချက်**များကို MIMU မန်နေဂျာက MIMU အကြံပေးဘုတ်အဖွဲ့နှင့် ပူးပေါင်း၍ ပြောင်းလဲနေသော အခြေအနေများတွင် MIMU ၏ ဦးတည်ချက်နှင့် စွမ်းဆောင်ရည် ပြည့်ဝမှုတို့ကို အတည်ပြုရန်နှင့် ပိုမိုကောင်းမွန်စေရေးတို့တွင် စီစဉ်ဆောင်ရွက်ပါမည်။

## ၇။ အဓိက သက်ဆိုင်ရာ ပါဝင်ဆောင်ရွက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

### ၇.၁။ အေဂျင်စီ အချင်းချင်း ညှိနှိုင်းမှု အဖွဲ့များနှင့် အလှူရှင် အဖွဲ့ ပူးပေါင်းဆောင်ရွက်ခြင်း

MIMU ၏ အလုံးစုံ ထိရောက်မှုကို မြှင့်တင်ရန်အတွက် အပြုသဘောဆောင်သော၊ ပူးပေါင်းဆောင်ရွက်သော ပတ်ဝန်းကျင် အတွက် အေဂျင်စီ အချင်းချင်း ညှိနှိုင်းမှု - ကုလသကဂ္ဂ အေဂျင်စီများ၊ NGOs များနှင့် အလှူရှင်အဖွဲ့ စသည့် အဓိက ပါဝင်ဆောင်ရွက်သူများနှင့် ဆက်ဆံရေးကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း တို့ကို ပြုလုပ်ရန် MIMU မှ ရှာဖွေမည်ဖြစ်သည်။ အထူးအားဖြင့် MIMU သည် အောက်ဖော်ပြပါ ပံ့ပိုးမှုကို ရှာဖွေမည်ဖြစ်သည်။

က။ MIMU ၏ သတ်မှတ်ထားသော ကဏ္ဍ၊ လုပ်ရှားမှုများနှင့် သက်ဆိုင်သော - ဖွံ့ဖြိုးရေး ပံ့ပိုးမှု၊ လူသားချင်းစာနာထောက်ထားမှုနှင့် ငြိမ်ချမ်းရေးနှင့် ပတ်သတ်သော လုပ်ရှားမှုများ အတွက် **ဆီလျော်မှုရှိသော၊ တိကျမှုရှိသော၊ အချိန်နှင့်တပြေးညီဖြစ်သော သတင်းအချက်အလက်များကို မျှဝေပေးရန်** တာဝန်ယူဆောင်ရွက်ဖြစ်သည်။

ခ။ MIMU၊ အခြားသော သက်ဆိုင်ရာ ပါဝင်ပတ်ဆောင်ရွက်သူများနှင့် သတင်းအချက်အလက် ဖလှယ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို အဆင်ပြေစေရန် ၎င်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်း **IM ပင်မဌာနတစ်ခု** သတ်မှတ်တာဝန်ပေး ဆောင်ရွက်ခြင်း၊

ဂ။ MIMU မှ အချိန်နှင့် တပြေးညီ အကျိုးရှိစွာ အထောက်အကူပြုနိုင်သည့် စီစဉ်ထားသော လုပ်ငန်းများနှင့် ပတ်သတ်၍ **သတင်းအချက်အလက်များ မျှဝေခြင်း၊**

ဃ။ MIMU ၏ လှုပ်ရှားမှုများ နှင့်အတူ ပြည်စုံမှုနှင့် **စုပေါင်းညှိနှိုင်းဆောင်ရွက်မှု အကျိုးရလဒ်များကို မြှင့်တင်ခြင်း**နှင့် ပုံစံတူပြုလုပ်ခြင်း (သို့မဟုတ်) အစပျိုး ယှဉ်ပြိုင်ခြင်းကို ရှောင်ရှားခြင်း။

## ၇.၂။ ပိုမိုကျယ်ပြန့်သော ညှိနှိုင်းမှု၏ သတင်းအချက်အလက် စီမံခန့်ခွဲမှု ချဥ်းကပ်မှုများနှင့် လုပ်ရှားမှုများကို ပံ့ပိုးပေးရန်

MIMU သည် IM နှင့် ဆက်နွယ်သော ကိစ္စရပ်များအတွက် မြန်မာနိုင်ငံအတွင်း အေဂျင်စီများနှင့် အနီးကပ် ပူးပေါင်းခြင်းနှင့် ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ပြီး၊ အရေးပေါ် ပြင်ဆင်မှုနှင့် တုံ့ပြန်မှု၊ ဖွံ့ဖြိုးမှု၊ လူသားချင်းစာနာထောက်ထားမှုနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှုများအတွက် အဖွဲ့များ ချိတ်ဆက်ခြင်းကို ပံ့ပိုးပေးမည်ဖြစ်သည်။ MIMU သည် စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု အကျိုးရလဒ်များ ရသည်အထိ ဆောင်ရွက်မည်ဖြစ်ပြီး၊ ကောင်းသောလေ့ကျင့်မှုတွင် သဟဇာတဖြစ်စေရန် လိုက်ဖက်ပြီး စနစ်များ တည်ဆောက်ရာတွင် ပံ့ပိုးခြင်းနှင့် IM စွမ်းဆောင်ရည်ကို အားကောင်းစေရန် ဆောင်ရွက်မည်ဖြစ်သည်။

MIMU သည် အကြပ်အတည်းအခြေအနေများအတွင်း IM ပံ့ပိုးခြင်းကို အဓိကကဏ္ဍအနေဖြင့် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပြီး၊ UNOCHA မြန်မာအပြင် အခြားမိတ်ဖက်များနှင့် ပြင်ဆင်မှုနှင့် တုံ့ပြန်မှု အားကောင်းစေရန် နီးကပ်စွာ အလုပ် လုပ်ဆောင်မည်ဖြစ်သည်။ MIMU မှ အချက်အလက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုကို အထောက်အကူ ဖြစ်စေသော နိုင်ငံအနှံ့အပြားရှိ အခြေခံ အချက်အလက်များနှင့် သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးပြီး၊ အခြားတဖက်တွင်လည်း OCHA မှ ပဋိပက္ခ၊ အရေးပေါ် အခြေအနေများနှင့် နေရပ်မှ ဖယ်ရှားခံရမှု (အခွင့်အရေး၊ ထိခိုက်ခံစားရသော ပြည်သူများကို ကြပ်မတ်စစ်ဆေးခြင်း၊ လျှင်မြန်သော ဆန်းစစ်ချက်များ ဆောင်ရွက်ခြင်း စသည်) တို့ကဲ့သို့သော လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်သည့် အသေးစိတ် သတင်းအချက်အလက် စီမံခန့်ခွဲ ထုတ်လုပ်မှုများကို ထိန်းသိမ်းထားရှိပြီး အသေးစိတ် ရှင်းလင်းတင်ပြမှု ပြုလုပ်ပါသည်။ MIMU သည် စွမ်းဆောင်ရည် မြှင့်တင်ခြင်းကို လူပုဂ္ဂိုလ် အဖွဲ့အစည်းများ အတွက် ပြုလုပ်ပေးခြင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုနှင့် အရေးပေါ်အခြေအနေများအတွက် တောင်းဆိုသော နည်းပညာပိုင်းဆိုင်ရာ အကူအညီ တုံ့ပြန်မှု တို့ကို ပြုလုပ်ပေး သည်။

## ၇.၃။ အခြား လူပုဂ္ဂိုလ် အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

MIMU သည် IM ကို ပံ့ပိုးပေးရန် လူပုဂ္ဂိုလ် အဖွဲ့အစည်း ပေါင်းစုံနှင့် ဆက်ဆံရေး၊ ကနဦးအစပျိုးခြင်းတို့ကို ဆောင်ရွက်သည်။ အဓိက ပူးပေါင်းဆောင်ရွက်ရာ နယ်ပယ်များမှာ -

က။ လူသားချင်းစာနထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးကို ဗဟိုပြုသော လှုပ်ရှားမှုများနှင့် ဆက်နွယ်သော MIMU ၏ ပုံမှန် ထုတ်လုပ်မှု အခြေခံနှင့် အချက်အလက် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုတို့အတွက် **သက်ဆိုင်ရာ အချက်အလက်နှင့် သတင်းများစုဆောင်းခြင်း။**

ခ။ အသေးစိတ်သတင်းအချက်အလက် ကိစ္စရပ်များနှင့် လိုအပ်ချက်များနှင့် ပတ်သတ်၍ **ညှိနှိုင်းဆောင်ရွက်ခြင်း၊** (အရေးပေါ် IM ကို ပံ့ပိုးပေးခြင်း၊ ကျေးရွာ/အခြေခံ အဆောက်အအုံနေရာများ၏ အဓိက အချက်အလက်စနစ်များ ထပ်မံဖြည့်စွက်ခြင်း၊ အုပ်ချုပ်မှု နယ်နိမိတ်များ စသည်တို့ဖြစ်သည်)

ဂ။ အချက်အလက်စနစ်များ တိကျမှု အားကောင်းစေရန်နှင့် မြန်မာနိုင်ငံတဝှမ်းတွင် ပြုလုပ်နေသော လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှု အစီအစဉ်ကို ပံ့ပိုးပေးရန် ကြံ့ခိုင်သော အခြေခံ အချက်အလက်အဖြစ်

သေချာစေရန် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား ပထဝီဆိုင်ရာ အချက်အလက် (geo-spatial)၊ အချက်အလက်နှင့် IM နည်းပညာများစသည့် **နည်းပညာဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊**

ဃ။ **နည်းပညာပံ့ပိုးမှုနှင့် အကြံဉာဏ်များ** ကို MIMU ၏ ကျွမ်းကျင် နယ်ပယ်များနှင့် သက်ဆိုင်သော နယ်ပယ်သို့ ထောက်ပံ့ခြင်း

င။ **သတင်းအချက်အလက် စီမံခန့်ခွဲမှု စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် အလေ့အကျင့်များ အားကောင်းလာစေရန် နည်းပညာဆိုင်ရာ အစပျိုးလုပ်ဆောင်ချက်များကို အားဖြည့်ပေးခြင်း။** ယင်းတွင် အမျိုးသားကုဒ်စနစ် တီထွင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို ပံ့ပိုးပေးခြင်း၊ တိကျမှန်ကန်သော မြန်မာနိုင်ငံတစ်ငံလုံးလုံးရှိ ကျေးရွာနှင့် ဝန်ဆောင်မှုမြေပုံများ ရေးဆွဲခြင်း အရေးပေါ်အခြေအနေများအတွက် IM ဆိုင်ရာ အကူအညီ ပေး ခြင်း တို့ ပါဝင်သည်။

## ၈။ ရေရှည်တည်တံ့ခိုင်မြဲမှု

ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဒေတာစုနှင့် IM အရင်းအမြစ်များ ရရှိနိုင်ရန် ဗဟိုကျပြီး ကျယ်ပြန့်စွာ သုံးစွဲနိုင်သော IM function တစုံတရာမျှ မရှိခြင်း၊ ဖွံ့ဖြိုးမှု၊ လူသားချင်းစာနာထောင်ထားမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းများအတွက် အခြား ပံ့ပိုးပေးသူများ မရှိခြင်းကြောင့် နားလည်ရလွယ်ကူပြီး ဆန်းသစ်သော ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များကို ပံ့ပိုးပေးခြင်းဖြင့် MIMU မှ လစ်ဟာချက်ကို ဖြည့်ဆည်းပေးပါသည်။ စံချိန်စံညွှန်းများနှင့် ကြံ့ခိုင်သော IM စနစ် တည်ဆောက်ရေးတွင် ပံ့ပိုးပေးရန် နည်းပညာနှင့် စွမ်းဆောင်ရေးမြှင့်တင်ပေးခြင်းကို ထောက်ပံ့ပေးခြင်းဖြင့် MIMU သည်အရေးပါသော အခန်းကဏ္ဍ အဖြစ်ပါဝင်သည်။

ဤလုပ်ဆောင်နေသော လုပ်ရှားမှုများနှင့်အတူ ဗဟိုချက် စွမ်းဆောင်ရည်မြှင့်တင်မှုများကို ရရှိရန် ရေရှည် တည်ဆောက်မှုများမှ တဆင့် MIMU သည် အနာဂတ် ထွက်ခွာမှု မဟာဗျူဟာတစ်ခုအတွက် အခြေခံ ချမှတ်ဆောင်ရွက်နေပါသည်။ ပါဝင်သော အသေးစိပ်လှုပ်ရှားမှုများမှာ:

- ကြီးမားပြီး တိုးပွားလာသော အေဂျင်စီများ၊ လူပုဂ္ဂိုလ် အဖွဲ့အစည်းများ အသုံးပြုသော ဒေတာ စံချိန်စံညွှန်းများ ဖွံ့ဖြိုးမှု နှင့် အကောင်အထည်ဖော်ရာတွင် ပံ့ပိုးပေးသော ကောင်းသော သတင်းအချက်အလက် အလေ့အကျင့်များအတွက် အခြေခံအုတ်မြစ်တစ်ခု တည်ဆောက်ပေးခြင်း
- လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးမှု နှင့် ငြိမ်းချမ်းရေး ကဏ္ဍ ဝန်ထမ်းများ အတွင်း IM စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း
- ပြည်တွင်းသုံးသပ်ချက်နှင့် ပတ်ဝန်းကျင်နှင့်အသားကျအောင်ပြန်လည်လုပ်ဆောင်ခြင်း ( ၂၀၁၅ ရေရှည်တည်တံ့ခိုင်မြဲမှုလေ့လာခြင်း၊ MIMU ၏ အခြေခံမှုများကို အမျိုးအစားခွဲခြားခြင်းဖြင့် မှန်ဘီဘူးတစ်ခုအသွင် အသုံးပြုကာ အဆိုပြုထားသော ရေရှည်ရွေးချယ်စရာများ ပြန်လည်သုံးသပ်ခြင်း)
- နည်းပညာဆိုင်ရာ အကူအညီ လှုပ်ရှားမှုများနှင့် မိတ်ဖက်များ တိုးချဲ့ခြင်း
- MIMU အကြံပေးဘုတ်အဖွဲ့၏ ပြောင်းလဲနေသော အခြေအနေနှင့် ရွေးချယ်စရာများ အတွက် ပုံမှန်သုံးသပ်ချက်

MIMU ၏ ဒေတာ အရည်အသွေးနှင့် UN ဌာနေနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးမှူးနှင့် MIMU အကြံပေးဘုတ်အဖွဲ့ အောက်ရှိ IM အရင်းအမြစ်များ၏ အရည်အသွေးကို ရေရှည်တည်တံ့စေမှု သေချာစေရန် MIMU သည် ရွေးချယ်စရာများကို ဆက်လက်၍ သုံးသပ်နေမည်ဖြစ်ပါသည်။

**---oooOOOooo---**